# ပြည်ထောင်စုမြန်မာနိုင်ငံတော်
# နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ
# တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဆင့်ပုဂ္ဂိုလ်များ၏ ချီးမြှင့်ငွေ၊ စရိတ်နှင့် အဆောင်အယောင်များဆိုင်ရာဥပဒေ

**( နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥပဒေအမှတ်၊ ၃/၂၀၁၁)**

**၁၃၇၂ ခုနှစ်၊ ပြာသိုလဆန်း ၆ ရက်**

**(၂၀၁၁ ခုနှစ်၊ ဇန်နဝါရီလ ၁၀ရက်)**

**[ ပြင်ဆင် : 08.03.2013, 09.12.2014 ]**

နိဒါန်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၄၃တွင် ဖွဲ့စည်းပုံအခြေခံဥပဒေ အကောင်အထည်ဖော်ရေးအတွက် ကြိုတင်ဆောင်ရွက်ရန် လိုအပ်သည့်လုပ်ငန်းရပ်များကို နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ဆောင်ရွက်ပေးရန် ပြဋ္ဌာန်းထားသည့်အလျောက် နိုင်ငံ တော်၏ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးလုပ်ငန်းများကို ချောမွေ့စွာ ဆောင်ရွက်နိုင်ရန် လည်းကောင်း၊ လွှတ်တော်အသီးသီးပေါ်ပေါက်လာသည့်အခါတွင် ဆောင်ရွက်ရန်ရှိသော လုပ်ငန်းများကို ဆောင်ရွက်နိုင်ရန်လည်းကောင်း၊ ကြိုတင်ဆောင်ရွက်ရမည့် လုပ်ငန်းရပ်များကို ဥပဒေနှင့်အညီ ဆောင်ရွက်နိုင် ရန်လည်းကောင်း သက်ဆိုင်ရာဥပဒေများကို ပြဋ္ဌာန်းရန်လိုအပ်လာပါသည်။

သို့ဖြစ်ပါ၍ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ တာဝန်ထမ်းဆောင်ကြသော တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဆင့်ပုဂ္ဂိုလ်များအား နိုင်ငံတော် နှင့်နိုင်ငံသားများ၏အကျိုးကို သယ်ပိုးထမ်းဆောင်ကြရသည့် လုပ်ငန်းတာဝန်နှင့်လျော်ညီသော ချီးမြှင့်ငွေ၊ စရိတ်နှင့် အဆောင် အယောင်များကို ချီးမြှင့်နိုင်ရန်အလို့ငှာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၄၃ နှင့်အညီ ဤဥပဒေကို ပြဋ္ဌာန်းလိုက် သည်။

## အခန်း(၁)
## အမည်နှင့် အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤဥပဒေကို **တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဆင့် ပုဂ္ဂိုလ်များ၏ ချီးမြှင့်ငွေ၊ စရိတ်နှင့် အဆောင်အယောင်များဆိုင်ရာ ဥပဒေ**ဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်-

(က) **ဖွဲ့စည်းပုံအခြေခံဥပဒေ**ဆိုသည်မှာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေကို ဆိုသည်။

Myanmar Law Information System (MLIS)

(ခ) **တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဆင့်ပုဂ္ဂိုလ်များ** ဆိုသည်မှာ ဤဥပဒေအလို့ငှာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ဝန်ကြီးချုပ်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် ဒုတိယဥက္ကဋ္ဌ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီး၊ တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေချုပ်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်စာရင်းစစ်ချုပ် နှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တရားလွှတ်တော် တရားသူကြီး တို့ကို ဆိုသည်။

(ဂ) **ချီးမြှင့်ငွေ** ဆိုသည်မှာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဆင့် ပုဂ္ဂိုလ်များ ခံစားခွင့်ရှိသည့် ဤဥပဒေတွင် သတ်မှတ်သော လစဉ်ချီးမြှင့်ငွေကိုဆိုသည်။

(ဃ) **စရိတ်** ဆိုသည်မှာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဆင့် ပုဂ္ဂိုလ်များတာဝန်အရ ခရီးသွားလာခြင်း၊ ခရီးသွားလာစဉ်ရပ်နားခြင်း၊ တည်းခိုနေထိုင်ခြင်းနှင့် စားသောက်ခြင်းများအတွက် ခံစားခွင့်ရှိ သည့် ဤဥပဒေတွင် သတ်မှတ်သော စရိတ်ငွေကို ဆိုသည်။

(င) **အဆောင်အယောင်**ဆိုသည်မှာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဆင့်ပုဂ္ဂိုလ်များ ထမ်းဆောင်ရသော တာဝန်နှင့်လျော်ညီစွာ ခံစားခွင့်ရှိသည့် ဤဥပဒေတွင် သတ်မှတ်သော အဆောင်အယောင်များကို ဆိုသည်။

<ပြင်ဆင် 08.03.2013>

## အခန်း(၂)
## ချီးမြှင့်ငွေ

၃။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်နှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌတို့သည် လစဉ်ချီးမြှင့်ငွေ ကျပ်သိန်းသုံးဆယ် ခံစားခွင့်ရှိသည်။

၄။ အောက်ပါပုဂ္ဂိုလ်များသည် လစဉ်ချီးမြှင့်ငွေ ကျပ် သိန်းနှစ်ဆယ် ခံစားခွင့်ရှိသည်-

(က) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်၊

(ခ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ဒုတိယဥက္ကဋ္ဌ၊

(ဂ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီး၊

(ဃ) တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး၊

(င) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေချုပ်၊

(စ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်စာရင်းစစ်ချုပ်။

<ပြင်ဆင် 08.03.2013>

၅။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တရားလွှတ်တော် တရားသူကြီးတို့သည် လစဉ် ချီးမြှင့်ငွေကျပ် တစ်ဆယ်သိန်း ခံစားခွင့်ရှိသည်။

<ပြင်ဆင် 08.03.2013>

Myanmar Law Information System (MLIS)

၆။ တပ်မတော်သားဖြစ်သော တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဆင့် ပုဂ္ဂိုလ်များသည် ပုဒ်မ ၃ နှင့် ပုဒ်မ ၄ တို့ပါ မိမိနှင့် သက် ဆိုင်သည့် လစဉ်ချီးမြှင့်ငွေနှင့် တပ်မတော်သားအဖြစ် ခံစားခွင့်ရှိသည့်လစာတို့အနက် မိမိနှစ်သက်ရာ ချီးမြှင့်ငွေ သို့မဟုတ် လစာ တစ်မျိုးတည်းကိုသာ ခံစားခွင့်ရှိသည်။

၇။ လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီးဌာနတွင် ခန့်ထားခြင်းခံရသောတပ်မတော်သား တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးသည် ပုဒ်မ ၄ ပါ မိမိနှင့်သက်ဆိုင်သည့် လစဉ်ချီးမြှင့်ငွေနှင့် တပ်မတော်သား အဖြစ် ခံစားခွင့်ရှိသည့်လစာတို့အနက် မိမိနှစ်သက်ရာ ချီးမြှင့်ငွေ သို့မဟုတ် လစာ တစ်မျိုးတည်းကိုသာ ခံစားခွင့်ရှိသည်။

၈။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဆင့် ပုဂ္ဂိုလ်များသည် ဤဥပဒေပါ လစဉ်ချီးမြှင့်ငွေ ခံစားနေစဉ်အတွင်း နိုင်ငံ့ဝန်ထမ်း အငြိမ်းစားလစာကိုပါ ခံစားခွင့်ရှိသည်။ သို့ရာတွင် နိုင်ငံရေးပင်စင် ခံစားခွင့် ရရှိထားသူများသည် ဤကာလအတွင်း အဆိုပါ နိုင်ငံရေးပင်စင်ကို ခံစားခွင့်မရှိစေရ။

**အခန်း(၃)**

**စရိတ်**

**တည်းခိုနေထိုင်စရိတ်နှင့် အခြားအသုံးစရိတ်**

၉။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဆင့်ပုဂ္ဂိုလ်များသည် တာဝန်အရ ခရီးသွားလာရခြင်း အတွက် နိုင်ငံတော်က အခမဲ့ တည်းခိုနေထိုင်ရန် စီစဉ်ပေးနိုင်ခြင်းမရှိပါက တစ်ရက်လျှင် တည်းခိုနေထိုင်စရိတ်ကျပ် ၂၀၀၀ နှင့်အခြားအသုံးစရိတ်ကျပ် ၃၀၀၀ ခံစားခွင့်ရှိသည်။

၁၀။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဆင့်ပုဂ္ဂိုလ်များသည် အစည်းအဝေးတက်ရောက်ရသည့်ကိစ္စ ဖြစ်ပါက အဆိုပါ အစည်းအဝေးကျင်းပသည့် သတ်မှတ်ကာလအတွက်သာ တည်းခိုနေထိုင်စရိတ် ခံစားခွင့်ရှိသည်။ သို့ရာတွင် ယင်းပုဂ္ဂိုလ်များသည် အစည်းအဝေးကျင်းပရာအရပ်တွင် နေထိုင်ပါက တည်းခိုနေထိုင်စရိတ် ခံစားခွင့်မရှိစေရ။

**စားသောက်စရိတ်**

၁၁။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဆင့်ပုဂ္ဂိုလ်များသည် တာဝန်အရ ခရီးသွားလာရခြင်းအတွက် စားသောက်စရိတ်ကို တစ်ရက်လျှင် ကျပ် ၅၀၀၀ ခံစားခွင့်ရှိသည်။

၁၂။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဆင့်ပုဂ္ဂိုလ်များသည် အစည်းအဝေးတက်ရောက်ရသည့်ကိစ္စ ဖြစ်ပါက အဆိုပါ အစည်းအဝေးကျင်းပသည့် သတ်မှတ်ကာလအတွက်သာ စားသောက်စရိတ် ခံစားခွင့် ရှိသည်။

**ခရီးစရိတ်**

၁၃။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဆင့်ပုဂ္ဂိုလ်များသည် တာဝန်အရ ခရီးသွားလာရာတွင်-

(က) ခရီးစဉ်တစ်ခုအတွက် ပြည်ထောင်စုအစိုးရအဖွဲ့က သတ်မှတ်သည့် နှုန်းများအတိုင်း ခရီးစရိတ် ခံစားခွင့်ရှိသည်။

Myanmar Law Information System (MLIS)

(ခ) အစည်းအဝေးကိစ္စအတွက်ဖြစ်လျှင် တည်းခိုသည့်နေရာမှ အစည်းအဝေးကျင်းပရာ နေရာသို့ သွားလာရခြင်းအတွက်ကိုမူ ပုဒ်မ ၉ ပါ အခြားအသုံးစရိတ်မှ ကျခံသုံးစွဲရန်ဖြစ်သည်။

**အခန်း(၄)**

**အဆောင်အယောင်**

၁၄။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်သည် အဆောင်အယောင်အဖြစ် အောက်ပါတို့ကို ခံစား ခွင့်ရှိသည်-

(က) အစိုးရနေအိမ်တွင် အခမဲ့နေထိုင်ရမည်၊

(ခ) လုံခြုံရေးအစောင့်အရှောက်၊

(ဂ) ပြည်တွင်းအခမဲ့ဆေးကုသခွင့်၊

(ဃ) ရေအခမဲ့သုံးစွဲခွင့်၊

(င) လျှပ်စစ်ဓာတ်အားအခမဲ့သုံးစွဲခွင့်၊

(စ) ပြည်တွင်းခေါ်ဆိုမှုအတွက် တယ်လီဖုန်းအခမဲ့သုံးစွဲခွင့်၊

(ဆ) ကိုယ်ရေးအရာရှိတစ်ဦး၊

(ဇ) အိမ်အကူနှစ်ဦး၊

(ဈ) ဥယျာဉ်ထိန်းသိမ်းစောင့်ရှောက်ခြင်းအတွက် အခမဲ့ခံစားခွင့်၊

(ည) မော်တော်ယာဉ်လေးစီး၊

(ဋ) ယာဉ်မောင်းလေးဦး၊

(ဌ) မော်တော်ယာဉ်လေးစီးအတွက် တစ်စီးလျှင်စက်သုံးဆီ တစ်လဂါလံ ၆၀ နှုန်း၊

(ဍ) မော်တော်ယာဉ်လေးစီးအတွက် အမှန်ကုန်ကျသည့် စက်ဆီနှင့် ချောဆီ။

၁၅။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌသည် အဆောင်အယောင်အဖြစ် အောက်ပါ တို့ကိုခံစားခွင့်ရှိသည်-

(က) အစိုးရနေအိမ်တွင် အခမဲ့နေထိုင်ရမည်၊

(ခ) လုံခြုံရေးအစောင့်အရှောက်၊

(ဂ) ပြည်တွင်းအခမဲ့ဆေးကုသခွင့်၊

(ဃ) ရေအခမဲ့သုံးစွဲခွင့်၊

(င) လျှပ်စစ်ဓာတ်အားအခမဲ့သုံးစွဲခွင့်၊

(စ) ပြည်တွင်းခေါ်ဆိုမှုအတွက် တယ်လီဖုန်းအခမဲ့သုံးစွဲခွင့်၊

(ဆ) ကိုယ်ရေးအရာရှိတစ်ဦး၊

(ဇ) အိမ်အကူနှစ်ဦး၊

(ဈ) ဥယျာဉ်လုပ်သားနှစ်ဦး၊

(ည) မော်တော်ယာဉ်သုံးစီး၊

(ဋ) ယာဉ်မောင်းသုံးဦး၊

Myanmar Law Information System (MLIS)

(ဋ) မော်တော်ယာဉ်သုံးစီးအတွက် တစ်စီးလျှင်စက်သုံးဆီ တစ်လဂါလံ ၆၀ နှုန်း၊

(ဌ) မော်တော်ယာဉ်သုံးစီးအတွက် အမှန်ကုန်ကျသည့် စက်ဆီနှင့် ချောဆီ။

၁၆။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် ဒုတိယဥက္ကဋ္ဌ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီး၊ တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေချုပ်နှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်စာရင်းစစ်ချုပ်တို့သည် အဆောင်အယောင် အဖြစ် အောက်ပါတို့ကို ခံစားခွင့်ရှိသည်-

(က) အစိုးရနေအိမ်တွင် အခမဲ့နေထိုင်ရမည်၊ အစိုးရနေအိမ် စီစဉ်ပေးနိုင်ခြင်းမရှိသေးပါက သင့်လျော်သည့် ငှားရမ်းခရခွင့် ရှိသည်၊

(ခ) လုံခြုံရေးအစောင့်အရှောက်၊

(ဂ) ပြည်တွင်းအခမဲ့ဆေးကုသခွင့်၊

(ဃ) ရေအခမဲ့သုံးစွဲခွင့်၊

(င) လျှပ်စစ်ဓာတ်အားအခမဲ့သုံးစွဲခွင့်၊

(စ) ပြည်တွင်းခေါ်ဆိုမှုအတွက် တယ်လီဖုန်းအခမဲ့သုံးစွဲခွင့်၊

(ဆ) ကိုယ်ရေးအရာရှိတစ်ဦး၊

(ဇ) အိမ်အကူတစ်ဦး၊

(ဈ) ဥယျာဉ်လုပ်သားတစ်ဦး၊

(ည) မော်တော်ယာဉ်နှစ်စီး၊

(ဋ) ယာဉ်မောင်းနှစ်ဦး၊

(ဌ) မော်တော်ယာဉ်နှစ်စီးအတွက် တစ်စီးလျှင်စက်သုံးဆီ တစ်လဂါလံ ၆၀ နှုန်း၊

(ဍ) မော်တော်ယာဉ်နှစ်စီးအတွက် အမှန်ကုန်ကျသည့် စက်ဆီနှင့် ချောဆီ။

<ပြင်ဆင် 08.03.2013>

၁၇။ ပယ်ဖျက်

(က) ပယ်ဖျက်

(ခ) ပယ်ဖျက်

(ဂ) ပယ်ဖျက်

(ဃ) ပယ်ဖျက်

(င) ပယ်ဖျက်

(စ) ပယ်ဖျက်

(ဆ) ပယ်ဖျက်

(ဇ) ပယ်ဖျက်

<ပြင်ဆင် 08.03.2013>

Myanmar Law Information System (MLIS)

၁၇။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တရားလွှတ်တော် တရားသူကြီးသည် အဆောင်အယောင်အဖြစ် အောက်ပါတို့ကို ခံစားခွင့်ရှိသည်-

(က) အစိုးရနေအိမ်တွင် အခမဲ့နေထိုင်ရမည်။ အစိုးရနေအိမ် စီစဉ်ပေးနိုင်ခြင်းမရှိသေးပါက သင့်လျော်သည့် ငှားရမ်းခရခွင့် ရှိသည်။

(ခ) ရေအခမဲ့သုံးစွဲခွင့်၊

(ဂ) လျှပ်စစ်ဓာတ်အားအခမဲ့သုံးစွဲခွင့်၊

(ဃ) မြို့တွင်းခေါ်ဆိုမှုအတွက် တယ်လီဖုန်းအခမဲ့သုံးစွဲခွင့်၊

(င) အိမ်အကူတစ်ဦး၊

(စ) ဥယျာဉ်လုပ်သားတစ်ဦး၊

(ဆ)မော်တော်ယာဉ်တစ်စီး၊

(ဇ) ယာဉ်မောင်းတစ်ဦး၊

(ဈ) မော်တော်ယာဉ်တစ်စီးအတွက် စက်သုံးဆီ တစ်လဂါလံ ၆ဝ နှုန်း၊

(ည) မော်တော်ယာဉ်တစ်စီးအတွက် အမှန်ကုန်ကျသည့် စက်ဆီနှင့် ချောဆီ။

<ပြင်ဆင် 08.03.2013>

## အခန်း(၅)

## အထွေထွေ

၁၈။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌများသည် သက်ဆိုင်ရာ သဘာပတိရှေ့မှောက်တွင် ကတိသစ္စာပြုပြီးသည့်အချိန်မှစ၍လည်းကောင်း၊ အခြားတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဆင့်ပုဂ္ဂိုလ်များသည် သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်၏ သဘောတူညီချက်ဖြင့် နိုင်ငံတော်သမ္မတက ခန့်အပ်သည့်နေ့မှစ၍လည်း ကောင်း ဤဥပဒေပါ ချီးမြှင့်ငွေ၊ စရိတ်နှင့် အဆောင်အယောင်များကို ခံစားခွင့်ရှိစေရမည်။

<ပြင်ဆင် 08.03.2013>

၁၉။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဆင့်ပုဂ္ဂိုလ်များ၏ ချီးမြှင့်ငွေ၊ စရိတ်နှင့် အဆောင်အယောင်များ အတွက် သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေတွင် ခွဲဝေသတ်မှတ်ထားရှိရမည်။

<ပြင်ဆင် 08.03.2013>

၂၀။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဆင့်ပုဂ္ဂိုလ်များသည် တပ်မတော်သားဖြစ်ပြီး တပ်မတော်မှ လစာ၊ စရိတ်နှင့် အဆောင်အယောင်တို့ကို ရွေးချယ်ခံစားပါက ယင်းလစာ၊ စရိတ်နှင့် အဆောင်အယောင် တို့ကို သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် သို့မဟုတ် သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့၏ ဘဏ္ဍာရန်ပုံငွေမှ ကျခံရမည်။

<ပြင်ဆင် 08.03.2013>

၂၁။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဆင့်ပုဂ္ဂိုလ်များသည်-

Myanmar Law Information System (MLIS)

(က) သက်တမ်းကာလအပြည့် တာဝန်ကို ကျေပွန်စွာထမ်းဆောင်ပါက မိမိရရှိသည့် လစဉ်ချီးမြှင့်ငွေကို အခြေခံ၍ ပြည်ထောင်စု အစိုးရအဖွဲ့က သတ်မှတ်သည့် တစ်လုံးတစ်ခဲတည်းသော နိုင်ငံရေးပင်စင်ချီးမြှင့်ငွေကို ခံစားခွင့်ရှိသည်။

(ခ) အပြစ်တစ်စုံတစ်ရာမရှိဘဲ သက်တမ်းကာလမပြည့်မီ ကျန်းမာရေး ချို့ယွင်းခြင်းကြောင့် ဆက်လက်တာဝန်ထမ်းဆောင်နိုင်ခြင်း မရှိလျှင်ဖြစ်စေ၊ သက်တမ်းတစ်ခုတွင် လစ်လပ်ရာထူးအတွက် တာဝန်ပေးအပ်ခြင်းကြောင့် တာဝန်ထမ်းဆောင်ရလျှင်ဖြစ်စေ ယင်းတာဝန်ထမ်းဆောင်သည့် ကာလအတွက် မိမိရရှိသည့် လစဉ်ချီးမြှင့်ငွေကို အခြေခံ၍ ပြည်ထောင်စုအစိုးရအဖွဲ့က သတ်မှတ်သည့် တစ်လုံး တစ်ခဲတည်းသော နိုင်ငံရေးပင်စင်ချီးမြှင့်ငွေကို ခံစားခွင့်ရှိသည်။

(ဂ) သက်တမ်းကာလမပြည့်မီ ကွယ်လွန်ပါက ယင်းတို့ရရှိသည့် လစဉ်ချီးမြှင့်ငွေကို အခြေခံ၍ ပြည်ထောင်စု အစိုးရအဖွဲ့က သတ်မှတ်သည့် တစ်လုံးတစ်ခဲတည်းသော မိသားစုနိုင်ငံရေးပင်စင်ချီးမြှင့်ငွေကို ခံစားခွင့်ရှိ သည်။

(ဃ) နိုင်ငံရေးပင်စင် တစ်ရပ်ထက်ပို၍ ခံစားခွင့်ရှိသူဖြစ်ပါက ယင်းတို့အနက် မိမိနှစ်သက်ရာ တစ်မျိုးတည်းကိုသာ ခံစားခွင့် ရှိသည်။

<ပြင်ဆင် 08.03.2013>

၂၂။ ဤဥပဒေအရ ခံစားခွင့်ပြုသည့် ချီးမြှင့်ငွေအပေါ် ဝင်ငွေခွန်ကောက်ခံရမည်။ သို့ရာတွင် စရိတ်အပေါ် ဝင်ငွေခွန် ကောက်ခံခြင်းမှ ကင်းလွတ်စေရမည်။

<ပြင်ဆင် 08.03.2013, 09.12.2014>

၂၃။ ဤဥပဒေကို ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ဖွဲ့စည်းသည့် ပြည်ထောင်စုလွှတ်တော်က ပြင်ဆင်ခြင်း၊ ဖြည့်စွက်ခြင်း သို့မဟုတ် ရုပ်သိမ်းခြင်း ပြုလုပ်နိုင်သည်။ ပြည်ထောင်စုလွှတ်တော်က ရုပ်သိမ်းခြင်း မပြုလုပ်သရွေ့ ဤဥပဒေသည် အတည်ဖြစ်သည်။

<ပြင်ဆင် 08.03.2013>

၂၄။ ပြည်ထောင်စုအစိုးရအဖွဲ့သည် ဤဥပဒေပါ ချီးမြှင့်ငွေ၊ စရိတ်၊ အဆောင်အယောင်များနှင့် စပ်လျဉ်း၍ လိုအပ်သော အမိန့်နှင့် ညွှန်ကြားချက်များကို ထုတ်ပြန်နိုင်သည်။

(ပုံ) သန်းရွှေ

ဗိုလ်ချုပ်မှူးကြီး

ဥက္ကဋ္ဌ

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ

Myanmar Law Information System (MLIS)